ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၅) အင်္ဂုတ္တရနိကာယ

## ဧကက ဒုက တိက စတုက္ကနိပါတပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆-ရက်၊ (၈-၇-၂၀၂၃) စနေနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ နီဝရဏပ္ပဟာနဝဂ်လာ ထက်သန်သောလုံ့လဝီရိယရှိသောသူအား ရနိုင်သော အကျိုးကျေးဇူးတို့ကို ဖော်ပြ၍ သစ်ပင်အားလုံးတို့တွင် အကောင်းမြတ်ဆုံးသစ်ပင်ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

၂။ ငါးထပ်ကွမ်း တေဒင်္ဂပိုင်ရှင်ကို ရရှိသောတေဒင်္ဂုဏ်ထူးတို့နှင့်တကွ ဖော်ပြ၍ မိန်းမသားများ ဖြစ်ခွင့် မရှိသော အရာတို့ကိုလည်း ဖြေဆိုပါ။

၃။ လောကစောင့် တရားနှစ်ပါးနှင့် ယင်းတရားနှစ်ပါး ရှိခြင်း / မရှိခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ကောင်းကျိုး, ဆိုးကျိုးတို့ကို ဖြေဆို၍ မိဘကျေးဇူးဆပ်လိုသော သားသမီးအလိမ္မာတို့အတွက် မိဘတို့အား ပြန်လည်တုံ့ပြန် ကျေးဇူးဆပ်နိုင်မည့် နည်းလမ်းကိုလည်း ညွှန်ပြခဲ့ပါ။

၄။ နှုတ်ကြောင့်သေ လက်ကြောင့်ကျေ မဖြစ်ရအောင် ကိန္နရာတို့ လူစကားမပြောရခြင်းအကြောင်း (၂) ချက်ကို ဖော်ပြ၍ ဒုကနိပါတ် ဒုတိယပဏ္ဏာသက ဗာလဝဂ်လာ အာသဝေါတရား မတိုးပွားသော ပုဂ္ဂိုလ်တို့ကိုလည်း ဖြေဆိုပါ။

၅။ သူမိုက်ဟု သိကြောင်း အမှတ်လက္ခဏာတို့ကို ဖော်ပြ၍ မုသားပြောဆိုခြင်း အကြောင်း (၃) ချက်ကိုလည်း ဖြေဆိုပါ။

၆။ ငရဲသားတို့ကို စစ်ဆေးမေးမြန်းရသည့် ယမမင်းအား ဖြစ်ပေါ်လာသော အကြံတို့ကို ကုန်စင်အောင် ရေးပြ၍ ဒါနစသား ကုသိုလ်ကောင်းမှုများ ဖြစ်ပွားစေရန် လိုအပ်သော အင်္ဂါ (၃) ချက်ကိုလည်း ဖြေဆိုပါ။

၇။ သားအမိ အချင်းချင်းပင် မကာကွယ်နိုင်သောဘေးများနှင့် ယင်းဘေးများမှ လွတ်ရန် အကျင့်ရှိက သိသာရုံမျှ ဖော်ပြ၍ ဝါတွင်းကာလ ဥပုသ်စောင့်သုံးကြမည့် ဥပုသ်သည်တို့အတွက် ဥပုသ်အမျိုးအစားတို့ကိုလည်း ဖြေဆိုပါ။

၈။ အရှင်အာနန္ဒာ အာသဝေါတရားတို့မှ မလွတ်ကင်းသေးခြင်းအကြောင်း (၃) ချက်နှင့် ပွင့်လင်းမှ တင့်တယ်သော အရာတို့ကို ဖော်ပြကာ မြေ၌ ရေးခြစ်အပ်သော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်ကိုလည်း ဖြေဆိုပါ။

၉။ စတုက္ကနိပါတ် စက္ကဝဂ် အပရိဟာနိယသုတ်လာ နိဗ္ဗာန်နှင့်နီးသော ရဟန်း (၄) မျိုးနှင့် ရဟန်းတို့၏ အညစ်အကြေး (၄) မျိုးတို့ကို ဖြေဆိုပါ။

၁၀။ ဘုရင်မင်းတို့ တရားမစောင့်က ဖြစ်ပေါ်လာမည့် ဆိုးကျိုးများစွာတို့တွင် အစ (၅) မျိုးမျှ ထုတ်ပြ၍ ချုန်း၍ မရွာသော မိုးနှင့်တူသော ပုဂ္ဂိုလ်ကိုလည်း သုတ်အမည်နှင့်တွဲစပ် ဖြေဆိုပါ။

**တစ်ပုစ္ဆာလျှင် (၁၀) မှတ်စီ**

# အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် အဖြေ

၁။ နီဝရဏပဟာနဝဂ်လာ ထက်သန်သောလုံ့လဝီရိယရှိသောသူအား ရနိုင်သော အကျိုးကျေးဇူးတို့ကို ဖော်ပြ၍၊ သစ်ပင်အားလုံးတို့တွင် အကောင်းမြတ်ဆုံးသစ်ပင်ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

**အဖြေ = ထက်သန်သောလုံ့လဝီရိယရှိသောသူအား ရနိုင်သော အကျိုးကျေးဇူး =**

မဖြစ်ပေါ်သေးသော ထိနမိဒ္ဓသည်လည်း မဖြစ်ပေါ်ခြင်း၊

ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓသည်လည်း ကင်းပျောက်ခြင်း၊ **(ပြန်-၅)**

**အကောင်းမြတ်ဆုံးသစ်ပင်** = ကြို့ပင်

**အကြောင်း** = နူးညံ့ခြင်း၊

ပြုခြင်းငှာ သင့်လျော်လွယ်ကူခြင်း၊ **(ပြန်-၁၁)**

၂။ ငါးထပ်ကွမ်း တေဒဂ်ပိုင်ရှင်ကို ရရှိသောတေဒဂ်ဂုဏ်ထူးတို့နှင့်တကွ ဖော်ပြ၍၊ မိန်းမသားများ ဖြစ်ခွင့်မရှိသော အရာတို့ကိုလည်း ဖြေဆိုပါ။

**အဖြေ = ငါးထပ်ကွမ်း တေဒဂ်ပိုင်ရှင်** - အရှင်အာနန္ဒာ

အကြားအမြင်များကုန်သော ရဟန်းတို့တွင် အမြတ်ဆုံး၊

မြတ်စွာဘုရားစကားတော်ကို ကြာမြင့်စွာ စွမ်းဆောင်နိုင်သည့် သတိရှိကုန်သော တပည့်ရဟန်းတို့တွင် အမြတ်ဆုံး၊

မြတ်စွာဘုရား ဟောအပ်သည့်အတိုင်း အလုံးစုံသောပုဒ်တို့ကို သိစွမ်းနိုင်သည့် ပညာရှိကုန်သော တပည့်ရဟန်းတို့တွင် အမြတ်ဆုံး၊

မြတ်စွာဘုရားအား လုပ်ကျွေးကုန်သော တပည့်ရဟန်းတို့တွင် အမြတ်ဆုံး၊

လုံ့လရှိကုန်သော တပည့်ရဟန်းတို့တွင် အမြတ်ဆုံး၊ **(ပြန်-၃၃)**

**မိန်းမသားများဖြစ်ခွင့်မရှိသော အရာ =**

၁။ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊

၂။ စကြာဝတေးမင်း၊

၃။ သိကြားမင်း၊

၄။ မာရ်မင်း၊

၅။ ဗြဟ္မာကြီး **(ပြန်-၃၈)**

၃။ လောကစောင့် တရားနှစ်ပါးနှင့် ယင်းတရားနှစ်ပါးရှိခြင်း။ မရှိခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ကောင်းကျိုး, ဆိုးကျိုးတို့ကို ဖြေဆို၍၊ မိဘကျေးဇူးဆပ်လိုသော သားသမီးအလိမ္မာတို့အတွက် ပြန်လည်တုံ့ပြန် ကျေးဇူးဆပ်နိုင်မည့် နည်းလမ်းကိုလည်း ညွှန်ပြခဲ့ပါ။

**အဖြေ = လောကစောင့် တရား (၂) ပါး**

မကောင်းမှုမှ ရှက်ခြင်းဟိရီ၊ မကောင်းမှုမှ ထိတ်လန့်ခြင်း ဩတ္တပ္ပ၊

**ရှိခြင်းကောင်းကျိုး** = အမိဟူ၍ငင်း, မိကြီး မိထွေးဟူ၍ငင်း, ဦးရီး၏မယားဟူ၍ငင်း, ဆရာ၏မယား ဟူ၍ငင်း, ရိုသေလေးစားအပ်သူတို၏ မယားဟူ၍ငင်း ထင်ရှားသိသာကုန်၏။

**မရှိခြင်းဆိုးကျိုး** = အမိဟူ၍ငင်း, မိကြီး မိထွေးဟူ၍ငင်း, ဦးရီး၏မယားဟူ၍ငင်း, ဆရာ၏မယားဟူ၍ ငင်း, ရိုသေလေးစားအပ်သူတို၏ မယားဟူ၍ငင်း မထင်းရှား မသိသာကုန်ရာ။ ယင်းသို မထင်ရှားကုန်

လသော် လောကသည် ဆိတ်များ သိုးများကဲ့သို ၎င်း, ကြက်ဝက်တိုကဲ့သို၎င်း, အိမ်ခွေး တောခွေးတိုကဲ့သို့ ၎င်း, ရောယှက်ခြင်းသို ရောက်ရာ၏။ **(ပြန် - ၆၅)**

**မိဘကျေးဇူးဆပ်နည်း=** ရဟန်းတို့ အကြင်သူသည်ကား သဒ္ဓါတရားမရှိသော အမိအဖတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏။ သက်ဝင်စေ၏၊ တည်စေ၏။ သီလမရှိသော အမိအဖတို့ကို သီလနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏။ သက်ဝင်စေ၏။ တည်စေ၏၊ ဝန်တိုခြင်းမစ္ဆရိယ ရှိကုန်သော အမိအဖတို့ကို စွန့်ကြဲ ပေးကမ်းခြင်းနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏။ ပညာမဲ့သော အမိအဖတို့ကို ပညာနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏။ ရဟန်းတို့ ဤသို့သော ပြုစုခြင်းဖြင့်သာလျှင် အမိအဖတို့အား ကျေးဇူးပြုခြင်းသည်၎င်း ကျေးဇူးတုံ့ပြုခြင်း သည်၎င်း ဖြစ်နိုင်၏ ဟု (မိန့်တော်မူ၏)။ **(ပြန် - ၇၆)**

၄။ နှုတ်ကြောင့်သေ လက်ကြောင့်ကြေ မဖြစ်ရအောင် ကိန္နရာတို့ လူစကားမပြောရခြင်းအကြောင်း (၂) ချက်ကို ဖော်ပြ၍၊ ဒုကနိပါတ်၊ ဒုတိယပဏ္ဏာသက၊ ဗာလဝဂ်လာ အာသဝေါတရား မတိုးပွားသော ပုဂ္ဂိုလ်တို့ကိုလည်း ဖြေဆိုပါ။

**အဖြေ = ကိန္နရာတို့ လူစကားမပြောရခြင်းအကြောင်း =** မဟုတ်မမှန်သော စကားကို ငါတို့ မပြောမဆိုမိကြပါစေ ကုန်လင့်ဟူ၍၎င်း၊ သူတစ်ပါးကိုလည်း မဟုတ်မမှန်သော စကားဖြင့် ငါတို့ မစွပ်စွဲမိကြပါစေကုန်လင့် ဟူ၍၎င်း ဖြစ်ပါသည်။ **(ပြန် - ၉၁)**

**အာသဝေါတရား မတိုးပွားသောပုဂ္ဂိုလ် =** တွေးတောမှု 'သံသယကုက္ကုစ္စ' မဖြစ်သင့်သော အရာ၌ တွေးတောမှု 'သံသယကုက္ကုစ္စ' မဖြစ်သူလည်းကောင်း၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်သင့်သော အရာ၌ တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်သူလည်းကောင်း၊ မအပ်သော အရာ၌ မအပ်ဟု အမှတ်ရှိ သောသူလည်းကောင်း၊ အပ်သော အရာ၌ အပ်၏ဟု အမှတ်ရှိသောသူလည်းကောင်း၊ အာပတ်သင့်သော အရာ၌ အာပတ် သင့်၏ဟု အမှတ်ရှိသောသူလည်းကောင်း၊ အာပတ် မသင့်သော အရာ၌ အာပတ် မသင့်ဟု အမှတ်ရှိသော သူလည်းကောင်း၊ တရားဟုတ်သည်၌တရားဟုတ်၏ဟု အမှတ်ရှိသောသူ လည်းကောင်း၊ တရားမဟုတ်သည်၌တရားမဟုတ်ဟု အမှတ်ရှိသောသူလည်းကောင်း၊ ဝိနည်းမဟုတ် သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသောသူ လည်းကောင်း၊ ဝိနည်းဟုတ်သည်၌ ဝိနည်းဟုတ်၏ဟု အမှတ်ရှိသောသူလည်းကောင်း အာသဝေါတရားတို့သည် တိုးပွားကုန်၏။ **(ပြန် - ၉၉၊ ၁၀၀)**

၅။ သူမိုက်ဟု သိကြောင်း အမှတ်လက္ခဏာတို့ကို ဖော်ပြ၍၊ မုသားပြောဆိုခြင်း အကြောင်း (၃) ချက်ကိုလည်း ဖြေဆိုပါ။

**အဖြေ = သူမိုက်ဟု သိကြောင်း အမှတ်လက္ခဏာ =**

ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု, အကျင့်, ကာယဒုစရိုက်နှင့် ပြည့်စုံခြင်း၊
နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု, အကျင့်, ဝစီဒုစရိုက်နှင့် ပြည့်စုံခြင်း၊
စိတ်ဖြင့် ပြုအပ်သော မကောင်းမှု, အကျင့်, မနောဒုစရိုက်နှင့် ပြည့်စုံခြင်း၊ **(ပြန် - ၁၁၈)**

**မုသားပြောဆိုရခြင်းအကြောင်း (၃) ချက်** = မိမိဟူသောအကြောင်း
= သူတစ်ပါးဟူသောအကြောင်း၊
= တံစိုးလက်ဆောင်အစားစာဟူသောအကြောင်း၊

၆။ ငရဲသားတို့ကို စစ်ဆေးမေးမြန်းရသည့် ယမမင်းအား ဖြစ်ပေါ်လာသော အကြံတို့ကို ကုန်စင်အောင် ရေးပြ၍၊ ဒါနစသား ကုသိုလ်ကောင်းမှုများ ဖြစ်ပွားစေရန် လိုအပ်သောအင်္ဂါ (၃) ချက်ကိုလည်း ဖြေဆိုပါ။

**အဖြေ = ယမမင်းအကြံ =** အချင်းတို့ လောက၌ အကြင်သူတို့သည် ယုတ်ညံ့သော အမှုတို့ကို ပြုကုန်၏၊ ထိုသူတို့ကို ဤသို့သဘောရှိသော အထူးထူး အပြားပြားသော ကမ္မကရဏတို့ကို ပြုအပ်ကုန်၏၊ ငါသည် လူ့အဖြစ်ကို ရငြားအံ့၊ လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း ပွင့်တော်မူငြားအံ့၊ ငါသည်လည်း ထို မြတ်စွာဘုရားကို ဆည်းကပ် ရငြားအံ့၊ ထို မြတ်စွာဘုရားသည် ငါ့အားတရားဟောငြားအံ့၊ ငါသည် ထို မြတ်စွာဘုရား၏ တရားကိုလည်း သိငြားအံ့၊ ဤသို့ဖြစ်သော် ကောင်းလေစွ့တကား”ဟု အကြံ ဖြစ်ပါသည်။

**(ပြန် - ၁၅၈)**

**လိုအပ်သောအင်္ဂါ (၃) ချက်** = သဒ္ဓါတရား၏ မျက်မှောက်ထင်ရှားရှိခြင်း၊
= အလှူဝတ္ထု၏ မျက်မှောက်ထင်ရှားရှိခြင်း၊
= အလှူခံပုဂ္ဂိုလ်တို့၏ မျက်မှောက်ထင်ရှားရှိခြင်း၊**(ပြန် - ၁၆၇)**

၇။ သားအမိ အချင်းချင်းပင် မကာကွယ်နိုင်သောဘေးနှင့် ယင်းဘေးမှ လွတ်ရန် အကျင့်ရှိက သိသာရုံမျှ ဖော်ပြ၍၊ ဝါတွင်းကာလ ဥပုသ်စောင့်သုံးကြမည့် ဥပုသ်သည်တို့အတွက် ဥပုသ်အမျိုးအစားကိုလည်း ဖြေဆိုပါ။

**အဖြေ = မကာကွယ်နိုင်သောဘေး** = အိုဘေး, နာဘေး, သေဘေး၊
**လွတ်ရန်အကျင့်** = အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်၊ (မဂ္ဂင်ရှစ်ပါး)
**ဥပုသ်အမျိုးအစား** = နွားကျောင်းသား ဂေါပါလဥပုသ်၊ တက္ကတွန်းနိဂဏ္ဌဥပုသ်၊ အရိယာဥပုသ်၊

၈။ အရှင်အာနန္ဒာ အာသဝေါတရားတို့မှ မလွတ်ကင်းသေးခြင်းအကြောင်း (၃) ချက်နှင့် ပွင့်လင်းမှ တင့်တယ်သော အရာတို့ကို ဖော်ပြကာ၊ မြေ၌ ရေးခြစ်အပ်သော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်ကိုလည်း ဖြေဆိုပါ။

**အဖြေ = အာသဝေါတရားတို့မှ မလွတ်ကင်းသေးခြင်းအကြောင်း (၃) ချက် =** ငါသည် အထူးသဖြင့် စင်ကြယ်၍ လူတို့၏ မျက်စိအမြင်ကို လွန်သော နတ် မျက်စိနှင့် တူသော မျက်စိ ‘ဒိဗ္ဗစက္ခု’ ဖြင့် တစ်ထောင်သော လောကဓာတ်ကို မြင်နိုင်၏’ဟု ဤသို့ အကြံဖြစ်သော မာန ဖြစ်ခြင်း၊
ငါသည် မတွန့်မဆုတ်လုံ့လကို အားထုတ်၏၊ မေ့လျော့ခြင်း မရှိမူ၍ သတိသည် ထင်၏၊ ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေး၏၊ စိတ်သည် တစ်ခုတည်းသော အာရုံရှိသည်ဖြစ်၍ တည်ကြည်၏ဟု ဤသို့ အကြံဖြစ်သော ဥဒ္ဓစ္စဖြစ်ခြင်း၊
ထိုသို့ဖြစ်ပါလျက် ငါ၏ စိတ်သည် တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်ကင်း သေးပါဟု ဤသို့ အကြံဖြစ်သော ‘သံသယကုက္ကုစ္စ’ ဖြစ်နေခြင်း။ **(ပြန်- ၃၀၃)**
**ပွင့်လင်းမှ တင့်တယ်သော အရာ** = လဝန်း, နေဝန်း, မြတ်စွာဘုရားဟောကြားအပ်သောတရား၊

**(ပြန် - ၃၀၄)**

**မြေ၌ ရေးခြစ်အပ်သောအက္ခရာနှင့်တူသောပုဂ္ဂိုလ်** = ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အစဉ်မပြတ် အမျက်ထွက်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအမျက်သည်ကား နေ့ညဉ့်ရှည်စွာ ကိန်းအောင်းမနေ။

**(ပြန် - ၃၀၄)**

၉။ စတုက္ကနိပါတ်၊ စက္ကဝဂ်၊ အပရိဟာနိယသုတ်လာ နိဗ္ဗာန်နှင့်နီးသော ရဟန်း (၄) မျိုးနှင့် ရဟန်းတို့၏ အညစ်အကြေး (၄) မျိုးကိုလည်း ဖြေဆိုပါ။

**အဖြေ = နိဗ္ဗာန်နှင့်နီးသော ရဟန်း (၄) မျိုး =** (၁) သီလနှင့်ပြည့်စုံသောရဟန်း၊
(၂) ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိသောရဟန်း၊
(၃) အစားအစာ၌ အတိုင်းအရှည်ကို သိသောရဟန်း၊
(၄) နိုးကြားခြင်းနှင့် ယှဉ်သောရဟန်း၊ **(မြန် - ၃၆၃)**

**ရဟန်းတို့၏ အညစ်အကြေး (၄) မျိုး=** (၁) သေရည်သေရက်သောက်ခြင်း၊
(၂) မေထုန်မှီဝဲခြင်း၊
(၃) ရွှေငွေခံယူခြင်း၊
(၄) မှားသောအသက်မွေးခြင်းဖြင့် အသက်မွေးခြင်း၊
**(မြန် - ၃၇၆)**

၁၀။ ဘုရင်မတို့ တရားမစောင့်က ဖြစ်ပေါ်လာမည့်ဆိုးကျိုးများတွင် အစ (၅) မျိုးမျှ ထုတ်ပြ၍၊ ချွန်း၍ မရှုသော မိုးနှင့်တူသော ပုဂ္ဂိုလ်ကိုလည်း သုတ်နှင့်တွဲစပ် ဖြေဆိုပါ။

**အဖြေ = အစ (၅) မျိုး=** (၁) မှူးမတ်တို့တရားမစောင့်ခြင်း၊
(၂) ပုဏ္ဏားသူကြွယ်တို့ တရားမစောင့်ခြင်း ၊
(၃) နိဂုံး, ဇနပုဒ်နေသူတို့ တရားမစောင့်ခြင်း၊
(၄) လနေတို့ မညီမညွတ်လှည့်လည်ခြင်း၊
(၅) ညဥ့်နေ့တို့ မညီမညွတ်ဖြစ်ခြင်း၊ **(မြန် - ၄၀၁)**

**ချွန်း၍ မရွာသော မိုးနှင့်တူသော ပုဂ္ဂိုလ်**

ပြောသာပြော၍ မပြုလုပ်တတ်သောပုဂ္ဂိုလ်၊ **(ပထမဝလာဟကသုတ်အလို)**

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ် ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော ဓမ္မကို သင်ကြား၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း" ဟုဟုတ်တိုင်းမှန်စွာ မသိ၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း"ဟုဟုတ်တိုင်းမှန်စွာ မသိ၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်တည်း"ဟုဟုတ်တိုင်းမှန်စွာ မသိသောပုဂ္ဂိုလ်သည် ချွန်းသာ ချွန်း၍ မရွာသော ပုဂ္ဂိုလ်မည်၏။
**(ဒုတိယဝလာဟကသုတ်အလို)** **(မြန် - ၄၂၉၊ ၄၃၀)**

ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

**ပဉ္စက ဆက္က သတ္တကနိပါတပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇-ရက်၊ (၉-၇-၂၀၂၃) တနင်္ဂနွေနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ရှင်ရဟန်းများ သာသနာတော်မှ ရွေ့လျောစုတေရခြင်း၏ အကြောင်းများကို ဖော်ပြ၍ ဇနီးသည်များ ဖြည့်ကျင့်ရမည့် ဒုတိယမြောက် ကျင့်ဝတ်ကိုလည်း ဖော်ပြခဲ့ပါ။

၂။ "အကျိုးရနိုင်သမျှ အရာ၌ အားထုတ်ရမည်"ဟု ဆိုရာဝယ် အားထုတ်ပုံ နည်းလမ်းများကို ဖော်ပြ၍ "သောက ထွင်နှုတ် တရားတစ်ပုဒ်"ကို နာကြားပြီးနောက် ပြောင်းလဲသွားသော ရှင်ဘုရင်တစ်ပါး၏ လုပ်ဆောင်ချက်ကိုလည်း ဖော်ထုတ်ရေးသားခဲ့ပါ။

၃။ ရဟန်းစစ်သည်တော်အတွက် စစ်ပွဲအတွင်း ကြားရမည့် အသံဆိုးကြီးများကို ဖော်ပြ၍ ရှင်ရဟန်းများ လူစုလူဝေးနှင့် နေရနိုင်သည့် ကာလများကိုလည်း ဒုတိယအနာဂတဘယသုတ်မှ ထုတ်နုတ်ရေးသားခဲ့ပါ။

၄။ အားကြီးသူကို လက်ကိုင်ပြုသော ရဟန်းယုတ်၏ သဘောသဘာဝကို စာပန်းချီခြယ်မှုန်းပြ၍ ကာမဂုဏ်လောက်မျှသာ စိတ်ဝင်တစားရှိကြသည့် ရှင်ဘုရင်များ တန်ဖိုးထားသော ရတနာများကို ဖော်ထုတ်ပြပါ။

၅။ လူကိုသတ်၍ ဆင်စီးမြင်းရံ စည်းစိမ်စံဘဝကို ရနိုင်/မရနိုင် ရှင်းလင်းဖြေဆို၍ ဗုဒ္ဓမြတ်စွာ ဆင်မြတ်ရတနာ၏ နာမောင်း၊ အစွယ်၊ လည်ပင်း၊ ဦးခေါင်း၊ အမြီးမည်သောတရားများကိုလည်း ဖော်ပြခဲ့ပါ။

၆။ ရှင်ရဟန်းမည်သူတိုင်း ရပ်တည်နေရမည့် သမဏဓမ္မကို ဖြေဆို၍ "တောနေ ရဟန္တာကြီးကိုသာ လှူဒါန်းပါသည်"ဟု လျှောက်ကြားလာသူ ထင်းသည်ဒါယကာအား ဘုရားရှင် မိန့်ကြားတော်မူသော စကားတစ်ရပ်ကိုလည်း ဖော်ပြခဲ့ပါ။

၇။ နေ့ရှိသရွေ့ ကုသိုလ်တရား လျော့ပါးနေမည့် ရဟန်းများကို ဖော်ပြ၍ သောတာပန်ပုဂ္ဂိုလ်တစ်ဦးအတွက် ဖြစ်နိုင်ဖွယ် လုံးဝမရှိသော အရာများတွင် နောက် ၄-ခုကိုလည်း ဒုတိယအဘဗ္ဗဋ္ဌာနသုတ်မှ ထုတ်နုတ်ဖော်ပြခဲ့ပါ။

၈။ ဝဇ္ဇီမင်းတို့၏ ၆-ခုမြောက်၊ ၇-ခုမြောက် အပရိဟာနိယတရားတို့ကို ဖြေဆို၍ မိတ်ဆွေဂုဏ်ရည်များကိုလည်း ပဌမမိတ္တသုတ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၉။ ဥဂ္ဂတသရီရပုဏ္ဏား ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်သော သတ္တဝါများကို ဖော်ပြ၍ "ဘုရားစင်စစ် ဧကန်ဖြစ်ပါပြီ" ဟု တစ်လောကလုံးအား ဝန်ခံရာကာလကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ ငိုက်မျဉ်းခြင်းကို ပယ်ဖျောက်၍ မရခဲ့ပါလျှင် မည်ကဲ့သို့ ပြုရမည်ကို ဖြေဆို၍ နေ ၆-စင်း တစ်ပြိုင်တည်း ပေါ်ထွက်လာသော် မည်ကဲ့သို့ ဖြစ်လာနိုင်ပါသနည်း? ဥပမာဆောင်၍ ဖြေဆိုခဲ့ပါ။

**တစ်ပုဒ်လျှင် (၁၀) မှတ်စီ**

# အုပ်စု (၅) အင်္ဂုတ္တရနိကာယ
# ပဥ္စက ဆက္က သတ္တကနိပါတပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇-ရက်၊ (၉-၇-၂၀၂၃) တနင်္ဂနွေနေ့

---

၁။ ရှင်ရဟန်းများ သာသနာတော်မှ ရွေ့လျောစုတေရခြင်း၏ အကြောင်းများကို ဖော်ပြ၍ ဇနီးသည်များ ဖြည့်ကျင့်ရမည့် ဒုတိယမြောက် ကျင့်ဝတ်ကိုလည်း ဖော်ပြခဲ့ပါ။

၁-ဖြေ **သာသနာတော်မှ ရွေ့လျောရခြင်းအကြောင်း ငါးမျိုး-**

(၁)ရဟန်းတို့ ယုံကြည်မှု 'သဒ္ဓါ' မရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်

(၂)ရှက်မှု 'ဟိရီ' မရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

(၃)ကြောက်လန့်မှု 'ဩတ္တပ္ပ' မရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

(၄)ပျင်းရိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

(၅)သိမှု 'ပညာ' မရှိသော ရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား၌ မတည်နိုင်။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံသောရဟန်းသည် ရွေ့လျောရ၏၊ သူတော်ကောင်းတရား (သာသနာတော်)၌ မတည်နိုင်။ [ပါ။၆, ပြန်။၇၈] (၁-ခု ၁-မှတ်)

**ဒုတိယမြောက် ဇနီးသည်ကျင့်ဝတ်-**

သတို့သမီးတို့! ထို့ပြင် ဤသို့လည်း ကျင့်ကြရမည် "မိမိခင်ပွန်းသည်က ရိုသေလေးစားအပ်သည့် အမိအဖ သမဏ ဗြာဟ္မဏဖြစ်သော ပုဂ္ဂိုလ်တို့ကို အရိုအသေပြုကုန်အံ့၊ အလေးအမြတ်ပြုကုန်အံ့၊ မြတ်နိုးကုန်အံ့၊ ပူဇော်ကုန်အံ့၊ မိမိထံသို့ လာသူတို့ကိုလည်း နေရာထိုင်ခင်းပေးခြင်း ရေတည်ခြင်းဖြင့်ပူဇော်ကြကုန်အံ့"ဟု ကျင့်ကြရမည်၊ သတို့သမီးတို့ သင်တို့သည် ဤအတိုင်းသာ ကျင့်ကြရမည်။ [ပါ။၃၁, ပြန်။၄၁]

---

၂။ "အကျိုးရနိုင်သမျှ အရာ၌ အားထုတ်ရမည်"ဟု ဆိုရာဝယ် အားထုတ်ပုံ နည်းလမ်းများကို ဖော်ပြ၍ "သောကထွင်နုတ် တရားတစ်ပုဒ်"ကို နာကြားပြီးနောက် ပြောင်းလဲသွားသော ရှင်ဘုရင်တစ်ပါး၏ လုပ်ဆောင်ချက်ကိုလည်း ဖော်ထုတ်ရေးသားခဲ့ပါ။

၂-ဖြေ **အားထုတ်ပုံနည်းလမ်းများ-**

ဂုဏ်ကျေးဇူးကို ချီးမွမ်းသဖြင့် ဖြစ်စေ တန်ခိုးရှိသော မန္တာန်ကို ရွတ်အံ သရဇ္ဈာယ်သဖြင့် ဖြစ်စေ ကောင်းမွန်သော စကားကို ပြောဆို၍ ဖြစ်စေ တံစိုး လက်ဆောင်ပေးသဖြင့် ဖြစ်စေ မျိုးရိုးစဉ်ဆက်ကို ပြသဖြင့် ဖြစ်စေ အကျိုးရနိုင် သမျှ အရာ၌ အားထုတ်ရာ၏။ [ပါ။၅၅, ပြန်။၆၇] (၅-မှတ်)

**လုပ်ဆောင်ချက်-**

"အချင်းပိယကထိုသို့သောကကင်းပြီးဖြစ်သောကြောင့်မိဖုရားဘဒ္ဒါ၏အလောင်းကိုမီးသင်္ဂြိုဟ်လော့၊ ထိုမိဖုရား၏ (အရိုးပြာကို)စေတီ (နတ်ကွန်း) တည်ထားလေလော့၊ ယနေ့မှ စ၍ ငါတို့သည် ရေလည်းချိုးကုန်အံ့၊ နံ့သာလည်း လိမ်းကျံကုန်အံ့၊ ပွဲတော်ကိုလည်း တည်ကုန်အံ့၊ တိုင်းရေးပြည်မှု တို့ကိုလည်းစီရင်လုပ်ဆောင်ကြကုန်အံ့"ဟု (မိန့်ဆိုလေသတည်း)။ [ပါ။၅၅, ပြန်။၆၇] (၅-မှတ်)

---

၃။ ရဟန်းစစ်သည်တော်အတွက် စစ်ပွဲအတွင်း ကြားရမည့် အသံဆိုးကြီးများကို ဖော်ပြ၍ ရှင်ရဟန်းများ လူစု လူဝေးနှင့် နေရနိုင်သည့် ကာလများကိုလည်း ဒုတိယအနာဂတဘယသုတ်မှ ထုတ်နုတ်ရေးသားခဲ့ပါ။

**၃-ဖြေ အသံဆိုးကြီးများ ဟူသည်-**

ရဟန်းတို့ ! ဤသာသနာတော်၌ တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာသို့ဖြစ်စေ ကပ်ရောက်နေသော ရဟန်းသို့ မာတုဂါမသည် ချဉ်းကပ်လာ၍ ပြုံးလည်း ပြုံး၏၊ မြှောက်ပင့်၍လည်း ပြောဆို၏၊ ပြင်းစွာလည်း ရယ်မော၏၊ ပြောင်လှောင်လည်း ပြောင်လှောင်၏၊ ထိုရဟန်းသည် မာတုဂါမက ပြုံးသည်ရှိသော် မြှောက်ပင့်၍ ပြောဆိုသည်ရှိသော် ပြင်းစွာ ရယ်သည်ရှိသော် ပြောင်လှောင်သည်ရှိသော်ဆုတ် နစ်၏၊ ထိုမှ ဤမှ ဆုတ်နစ်၏၊ မရပ်တည်နိုင်၊ မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ မတတ်နိုင်၊ သိက္ခာအားနည်းမှုကို ထင်စွာပြု၍ သိက္ခာချပြီးလျှင် လူထွက်လေ၏၊ ဤသည်ကား ထိုရဟန်း၏ကျယ်လောင် မြောက်မြားသော အသံပင်တည်း။ [ပါ။၈၀, ပြန်။၉၈] (၅-မှတ်။)

**လူစုလူဝေးနှင့် နေရနိုင်သည့် ကာလများ-**

(၁)ယခုအခါသည် ဝပြော၏၊ကောက်စပါးကောင်းမွန်၏၊ဆွမ်းရလွယ်၏၊သပိတ်လက်စွဲလျက်ဆွမ်းခံခြင်းဖြင့် မျှတရန် လွယ်ကူ၏၊ ငတ်မွတ်ခေါင်းပါး ကောက်စပါးမကောင်း၍ ဆွမ်းရခဲသော သပိတ်လက်စွဲလျက် ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူသည့် အခါမျိုးသည် ဖြစ်လာလိမ့်ဦးမည်၊ ငတ်မွတ်ခေါင်းပါးသော အခါ၌ ကား လူတို့သည် ဝပြောရာသို့ ပြောင်းရွှေ့ချဉ်းကပ်ကြကုန်၏၊ ထိုအရပ်၌ အပေါင်းအဖော်တို့နှင့် နေရ၏၊ ရောပြွမ်း၍ နေရ၏၊ [ပါ။၉၁, ပြန်။၁၁၁] (၃-မှတ်)

(၂)တောပုန်းဓားပြတို့ ထကြွသောင်းကျန်းသည်ဖြစ်၍ ဇနပုဒ်နေသူတို့သည် လှည်းရထားယာဉ်တို့ကို တက်စီးကုန်လျက် ပြေးလွှားကြရသည့် ဘေးရန်ဖြစ်သောအခါမျိုးသည် ဖြစ်လာလိမ့်ဦးမည်၊ ဘေးဖြစ်လာသည်ရှိသော် လူတို့သည် အေးချမ်းရာ အရပ်သို့ ပြောင်းရွှေ့ချဉ်းကပ်ကြကုန်၏၊ ထိုအရပ်၌ အပေါင်းအဖော်တို့နှင့် နေရ၏၊ ရောပြွမ်း၍ နေရ၏၊ [ပါ။၉၂, ပြန်။၁၁၂] (၂-မှတ်)

---

၄။ အားကြီးသူကို လက်ကိုင်ပြုသော ရဟန်းယုတ်၏ သဘောသဘာဝကို စာပန်းချီခြယ်မှုန်းပြ၍ ကာမဂုဏ်လောက်မျှသာ စိတ်ဝင်တစားရှိကြသည့် ရှင်ဘုရင်များ တန်ဖိုးထားသော ရတနာများကို ဖော်ထုတ်ပြပါ။

**၄-ဖြေ ရဟန်းယုတ်၏ သဘောသဘာဝ-**

ရဟန်းတို့ဤသာသနာတော်၌ရဟန်းယုတ်သည်မင်းတို့ကိုသော်လည်းကောင်း၊မင်း၏အမတ်ကြီးတို့ကိုသော်လည်းကောင်း အမှီရ၏။

ထိုရဟန်းအား-''အကယ်၍တစ်ယောက်ယောက်ကငါ့ကိုတစ်စုံတစ်ရာပြောငြားအံ့၊ဤမင်းတို့ကသော်လည်းကောင်း၊ မင်း၏အမတ်ကြီးတို့ကသော်လည်းကောင်း အပြစ်ကို ကာကွယ်၍ ငါ့အကျိုးကို ပြောကြလိမ့်မည်''ဟု အကြံဖြစ်၏။ အကယ်၍ ထိုရဟန်းကို တစ်ယောက်ယောက်က တစ်စုံတစ်ရာ ပြောငြားအံ့၊ထိုမင်းတို့ကသော်လည်းကောင်း၊မင်း၏အမတ်ကြီးတို့ကသော်လည်းကောင်းအပြစ်ကိုကာကွယ်၍ ထိုရဟန်း၏ အကျိုးကိုပြောကုန်၏။ ရဟန်းတို့! ဤသို့လျှင် ရဟန်းယုတ်သည် အားကြီးသူကို အမှီရ၏။ [ပါ။၁၁၄, ပြန်။၁၄၀] (၅-မှတ်)

**ရတနာများ-**

၁။ဆင်ရတနာ၊ ၂။မြင်းရတနာ၊ ၃။ ကျောက်မျက်ရတနာ၊ ၄။မိန်းမရတနာ၊ ၅။သူဌေးရတနာ၊

[ပါ။၁၄၈၊၁၄၉, ပြန်။၁၈၆] (၅-မှတ်)

---

၅။ လူကိုသတ်၍ ဆင်စီးမြင်းရံ စည်းစိမ်စံဘဝကို ရနိုင်/မရနိုင် ရှင်းလင်းဖြေဆို၍ ဗုဒ္ဓမြတ်စွာ ဆင်မြတ်ရတနာ၏ နှာမောင်း, အစွယ်, လည်ပင်း, ဦးခေါင်း, အမြီးမည်သောတရားများကိုလည်း ဖော်ပြခဲ့ပါ။

၅-ဖြေ ရဟန်းတို့! ထိုသားသတ်သမားသည် သတ်ရန် ဆောင်ယူလာကုန်သော ထိုသတ်မည့် တိရစ္ဆာန် သတ္တဝါတို့ကိုသော်မှလည်း ယုတ်ညံ့သော စိတ်ဖြင့် အဖန်ဖန် ကြည့်သောကြောင့် ဆင်မစီးရသူ မြင်းမစီးရသူ ရထားမစီးရသူ ယာဉ်မစီးရသူ စည်းစိမ်မခံစားရသူ များစွာသော စည်းစိမ်အစုကို အုပ်စိုး၍မနေရသူ ဖြစ်ဘိသေး၏။ သတ်ရန် ဆောင်ယူလာသော အသတ်ခံရမည့် လူဖြစ်သော သူကို ယုတ်ညံ့သော စိတ်ဖြင့် ကြည့်ရှုသူအား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

ရဟန်းတို့ ! ထိုစကားသည် မှန်၏၊ ထိုလူဖြစ်သော သူကို သတ်ရန် မကောင်းသော စိတ်ဖြင့် ကြည့်ရှုခြင်းသည်ထိုကြည့်သူအားရှည်ကြာလေးမြင့်စွာစီးပွါးမဲ့ရန်ဆင်းရဲရန်ဖြစ်၏၊ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရာ ဖြစ်သောငရဲ၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။ - ထို့ကြောင့် ဆင်စီး,မြင်းရံ စည်းစိမ်စံဘဝကို မရနိုင်။

[ပါ။၂၆၈, ပြန်။၃၄၅၊၃၄၆] (၅-မှတ်)

**မြတ်သော ဆင်မင်းသဖွယ်ဖြစ်တော်မူသော အသျှင်ဘုရားသည်-**

(၁) သဒ္ဓါတရားတည်းဟူသောနှာမောင်းရှိတော်မူပါ၏၊

(၂) ဆဠင်္ဂုပေက္ခာတည်းဟူသော ဖြူသော အစွယ်တော်လည်း ရှိတော်မူပါ၏၊

(၃) သတိတည်းဟူသော လည်ပင်းလည်း ရှိတော်မူပါ၏၊

(၄) သဗ္ဗညုတဉာဏ်တော်တည်းဟူသောဦးခေါင်းတော်လည်း ရှိတော်မူပါ၏၊

(၅) ဝိဝေကသုံးပါးသည် ထိုမြတ်စွာဘုရားတည်းဟူသော ဆင်မင်း၏ မြီးဆံဖြစ်ပါ၏။

[ပါ။၃၀၄, ပြန်။၃၉၁] (၁-ခု ၁-မှတ်စီ)

---

၆။ ရှင်ရဟန်းမည်သူတိုင်း ရပ်တည်နေရမည့် သမဏဓမ္မကို ဖြေဆို၍ “တောနေ ရဟန္တာကြီးကိုသာ လှူဒါန်းပါသည်”ဟု လျှောက်ကြားလာသူ ထင်းသည်ဒါယကာအား ဘုရားရှင် မိန့်ကြားတော်မူသော စကားတစ်ရပ်ကိုလည်း ဖော်ပြခဲ့ပါ။

၆-ဖြေ **ပုဏ္ဏားမျိုးဓမ္မိက ဤသာသနာတော်၌ ရဟန်းသည်-**

(၁) ဆဲရေးသူကို ပြန်၍ မဆဲရေး၊

(၂) ခြုတ်ချယ်သူကို့ပြန်၍ မခြုတ်ချယ်၊

(၃)ငြင်းခုံသူကို ပြန်၍ မငြင်းခုံ၊ ပုဏ္ဏားမျိုးဓမ္မိက ဤသို့လျှင် ရဟန်းသည် ရဟန်းတရား၌ တည်၏ဟု (မိန့်တော်မူ၏)။ [ပါ။၃၂၅,ပြန်။၄၁၅](၁-ခု၁-မှတ်)

**ဘုရားရှင်၏ မိန်းကြားချက်-**

သူကြွယ်ကာမဂုဏ်ခံစားမှုရှိသောသားမယားတို့ဖြင့်ကျဉ်းမြောင်းသည့်အိမ်ယာ၌စိုးအုပ်နေသော ကာသိတိုင်းထွက် စန္ဒကူးနှစ်ကို သုံးဆောင်သော ပန်း နံ့သာ နံ့သာပျောင်းကို ဆောင်သော ရွှေငွေကို သာယာသော လူဖြစ်သည့် သင်သည် ''ဤရဟန်းတို့သည် ရဟန္တာတို့ဟူ၍လည်းကောင်း၊ ဤရဟန်းတို့သည် အရဟတ္တမဂ်သို့ ရောက်သော ရဟန်းတို့ဟူ၍လည်းကောင်း'' ထိုအကြောင်းကို သိနိုင်ခဲ၏။

[ပါ။၃၄၃, ပြန်။၄၃၅] (၇-မှတ်)

---

၇။ နေ့ရှိသရွေ့ ကုသိုလ်တရားလျော့ပါးနေမည့်ရဟန်းများကိုဖော်ပြ၍သောတာပန်ပုဂ္ဂိုလ်တစ်ဦးအတွက်ဖြစ်နိုင်ဖွယ် လုံးဝမရှိသော အရာများတွင် နောက် ၄-ခုကိုလည်း ဒုတိယအဘဗ္ဗဋ္ဌာနသုတ်မှ ထုတ်နုတ် ဖော်ပြခဲ့ပါ။

၇-ဖြေ နေ့ရှိသရွေ့ ကုသိုလ်တရား လျော့ပါးနေမည့်ရဟန်းများကို ဖော်ပြ၍၊ သောတာပန်ပုဂ္ဂိုလ်တဦးအတွက် ဖြစ်နိုင်ဖွယ်လုံးဝမရှိသော အရာများတွင် နောက်လေးခုကိုလည်း ဒုတိယအဘဗ္ဗဋ္ဌာနသုတ်မှ ထုတ်နှုတ် ဖော်ပြခဲ့ပါ။

**ကုသိုလ်ဆုတ်ယုတ်နေမည့်ရဟန်းများ-**

(၁) ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလိုရမ္မက် ကြီးမား၏၊ ပင်ပန်းခြင်း ရှိ၏၊ ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်းအိပ်ရာနေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့်မရောင့်ရဲနိုင်။

(၂) ယုံကြည်မှု 'သဒ္ဓါ' မရှိ။

(၃) သီလမရှိ။

(၄) ပျင်းရိ၏။

(၅)သတိ လွတ်ကင်း၏။

(၆)ပညာမဲ့၏။ ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား ရောက်လာသော ညဥ့်နေ့တို့ဝယ် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်မှုကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မျှော်လင့်အပ်၏၊ တိုးပွါးမှုကို မမျှော်လင့်အပ်။ [ပါ။၃၇၈, ပြန်။၄၇၇] (၁-ခု ၁-မှတ်စီ)

**ဖြစ်နိုင်ဖွယ်မရှိသောအရာ နောက်၄မျိုး-**

(၁) ဥာဏ်အမြင်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်တစ်စုံတစ်ခုသောသင်္ခါရတရားကိုအတ္တအားဖြင့်ကပ်၍ ရှုရန် မထိုက်၊

(၂) ဥာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်အာနန္တရိယကံကို ပြုရန် မထိုက်၊

(၃) ဥာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒိဋ္ဌ သုတ မင်္ဂလာဖြင့်စင်ကြယ်ခြင်းခြင်းသို့ တစ်ဖန် ကပ်ရောက်ရန် မထိုက်၊

(၄) ဥာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်ဤသာသနာတော်မှ အပ၌ အလှူခံ ပုဂ္ဂိုလ်ကို ရှာမှီးရန် မထိုက်။ [ပါ။၃၈၂, ပြန်။၄၈၂၊၄၈၃] (၁-ခု ၁-မှတ်စီ)

---

၈။ ဝဇ္ဇီမင်းတို့၏ ၆-ခုမြောက်, ၇-ခုမြောက် အပရိဟာနိယတရားတို့ကို ဖြေဆို၍ မိတ်ဆွေဂုဏ်ရည်များကိုလည်း ပဋ္ဌမမိတ္တသုတ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၈-ဖြေ **၆ခုမြောက် အပရိဟာနိယတရား-**

လိစ္ဆဝီမင်းတို့ ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ဝဇ္ဇီမင်းတို့၏ နတ်ကွန်း 'စေတီ' တို့ကို အရိုအသေပြုကုန် အလေးပြုကုန် မြတ်နိုးကုန် ပူဇော်ကုန်လျက် ထိုနတ်ကွန်းတို့အားလည်း ရှေးက ပေးလှူမြဲပြုမြဲဖြစ်သော တရားနှင့်လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်ကြစေသမျှ ကာလပတ်လုံး ဝဇ္ဇဝမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၃-မှတ်)

လိစ္ဆဝီမင်းတို့ ''အဘယ်သို့လျှင် ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့သည် ကြွလာပါကုန်အံ့နည်း၊ ကြွရောက်လာပြီးသော ရဟန္တာတို့သည်လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာ နေရပါကုန်အံ့နည်း''ဟုဝဇ္ဇီမင်းတို့သည် ရဟန္တာတို့၌ တရားနှင့်အညီစောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကို ကောင်းစွာ စီမံပေးနေသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

[ပါ။၄၀၈, ပြန်။၅၁၇] (၃-မှတ်)

**မိတ်ဆွေဂုဏ်များ-**

(သူတစ်ပါးတို့) ပေးနိုင်ခဲသော အရာဝတ္ထုကို ပေးတတ်၏၊ ပြုနိုင်ခဲသော အမှုကို ပြု၏၊ သည်းခံနိုင်ခဲသော အရာကို သည်းခံ၏၊ မိမိ၏ လျှို့ဝှက်အပ်သော အရာကို ထိုအဆွေခင်ပွန်းအား ထင်စွာပြု၏၊ ထိုအဆွေခင်ပွန်း၏ လျှို့ဝှက်အပ်သော အရာကို လျှို့ဝှက်၏၊ ဘေးရန်တို့ကြောင့် မစွန့်ပစ်၊ ပစ္စည်းဥစ္စာကုန်ခြင်းကြောင့် မထီမဲ့မြင် မပြု။ [ပါ။၄၂၁, ပြန်။၅၃၂၊၅၃၃] (၄-မှတ်)

---

၉။ ဥဂ္ဂတသရီရပုဏ္ဏားဇီဝိတဒါနအဖြစ်ဘေးမဲ့လွှတ်သောသတ္တဝါများကိုဖော်ပြ၍ "ဘုရားစင်စစ်ဧကန်ဖြစ်ပါပြီ" ဟု တစ်လောကလုံးအား ဝန်ခံရာကာလကိုလည်း ဖော်ပြခဲ့ပါ။

၉-ဖြေ ဘေးမဲ့ပေးသော သတ္တဝါများ-

အသျှင်ဂေါတမ အကျွန်ုပ်သည် နွားလားငါးရာ နွားငယ်ငါးရာ နွားမငယ်ငါးရာ ဆိတ်ငါးရာသိုးငါးရာတို့ကို လွှတ်ပါ၏၊ အသက်ကို ပေးလှူပါ၏။ [ပါ။၄၃၂, ပြန်။၅၄၆] (၄-မှတ်)

**ဘုရားဖြစ်ပြီဟု ဝန်ခံရာကာလ-**

ပုဏ္ဏားႈ ငါသည် ဤခုနစ်မျိုးကုန်သော မေထုန်စပ်ယှဉ်မှုတို့တွင် တစ်မျိုးမျိုးသော မေထုန်စပ်ယှဉ်မှုကိုမူလည်း မိမိ၌မပယ်အပ်သေးသည်ကို မမြင်သောအခါ၌မူကား နတ်မာရ်နတ်ဗြဟ္မာနှင့်တကွသော (နတ်) လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိ သောသမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟူ၍ ဝန်ခံ၏။

သတ္တဝါဟူသောလောက၌အတုမရှိမြတ်သောအရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်ကိုထိုးထွင်း၍သိပြီဟူ၍ ဝန်ခံ၏၊ ငါ၏လွတ်မြောက်မှု (အရဟတ္တဖိုလ်) သည် မပျက်စီးတော့ပြီ၊ ဤဘဝသည်နောက်ဆုံး ဘဝပင်တည်း၊ ယခုအခါ တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီဟု ငါ့အား (ပစ္စဝေက္ခဏာ) ဉာဏ် အမြင်သည် ဖြစ်၏ဟု (မိန့်တော်မူ၏)။ [ပါ။၄၄၀, ပြန်။၅၅၅] (၆-မှတ်)

---

၁၀။ ငိုက်မျဉ်းခြင်းကို ပယ်ဖျောက်၍ မရခဲ့ပါလျှင် မည်ကဲ့သို ပြုရမည်ကို ဖြေဆိုရ်၍ နေ ၆-စင်း တစ်ပြိုင်တည်း ပေါ်ထွက်လာသော် မည်ကဲ့သို ဖြစ်လာနိုင်ပါသနည်း? ဥပမာဆောင်၍ ဖြေဆိုခဲ့ပါ။

၁၀-ဖြေ

ဤသို့ နေသော သင့်အား ထိုမိဒ္ဓ အကယ်၍ မကင်းပျောက်နိုင်ခဲ့မူ မောဂ္ဂလာန် ထိုသို့ မကင်းပျောက်နိုင်ခြင်းကြောင့် သင်သည် လက်ယာနံတောင်းဖြင့် လျှောင်း၍ (လက်ယာ) ခြေ၌ (လက်ဝဲ) ခြေကိုစဉ်းငယ်လွန်ကာ တင်ထားလျက် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ ထအံ့ဟူသော အမှတ်သညာကိုပြုကာ ခြင်္သေ့ကဲ့သိုအိပ်ခြင်းကိုပြုလော့၊မောဂ္ဂလာန်နိုးသောအခါသင်သည်အိပ်မှုချမ်းသာဘယ်ပြောင်းညာပြန် လဲလျောင်းမှုချမ်းသာကို အဖန်ဖန် အားထုတ်သည်ဖြစ်၍ မနေအံ့ဟု လျင်မြန်စွာ ထရာ၏။ မောဂ္ဂလာန် သင်သည် ဤသို ကျင့်ရမည်။ [ပါ။၄၆၃, ပြန်။၅၈၃၊၅၈၄] (၅-မှတ်)

ရဟန်းတို့ ခြောက်ခုမြောက်နေ ထွက်ပေါ်လာခြင်းကြောင့် ဤမဟာပထဝီမြေကြီးသည်လည်းကောင်း၊ မြင်းမိုရ်တောင်မင်းသည်လည်းကောင်းအခိုးထွက်ကုန်၏၊လွန်စွာအခိုးထွက်ကုန်၏၊လွန်စွာအထွေထွေ အပြားပြား အခိုးထွက်ကုန်၏။ရဟန်းတို့ အိုးထိန်းသည်တို့၏အိုးဖုတ်ရာဖြစ်သောအိုးဖိုကိုမီးတိုက်သည် ရှိသော် ရှေးဦးစွာ အခိုးထွက်သကဲ့သို လွန်စွာ အခိုးထွက်သကဲ့သို လွန်စွာအထွေထွေအပြားပြား အခိုး ထွက်သကဲ့သို ဤအတူသာလျှင် ခြောက်စင်းမြောက် နေထွက်ပေါ်ခြင်းကြောင့်ဤမဟာပထဝီမြေကြီး သည်လည်းကောင်း၊ မြင်းမိုရ်တောင်မင်းသည်လည်းကောင်း အခိုးထွက်ကုန်၏၊ လွန်စွာ အခိုးထွက်ကုန် ၏၊ လွန်စွာ အထွေထွေအပြားပြား အခိုးထွက်ကုန်၏။ [ပါ။၄၇၅, ပြန်။၅၉၆] ( ၅-မှတ်)

---

ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

**အဋ္ဌက နဝက ဒသက ဧကာဒသကနိပါတပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈-ရက်၊ (၁၀-၇-၂၀၂၃) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ကောင်းဆိုးလောကဓံ နှစ်တန်တွေ့ဆုံ ကြုံကြရသည်ချင်း တူပါလျက် ပုထုဇဉ်နှင့် အရိယာတို့၏ ထူးခြားချက်တို့ကို ထုတ်နုတ်တင်ပြ၍ အရှင်ဥတ္တရ မိန့်ဆိုအပ်သော သုဘာသိတစကားရပ်ကိုလည်း သိကြားမင်းလျှောက်ထုံးမှ ထုတ်နုတ်ဖြေဆိုပါ။

၂။ ထက်သန်သော လုံ့လရှိလျက် နေပုံကို အဿာဇာနီယသုတ်လာအတိုင်း ရေး၍ သံဃာ့ပရိသတ်အလယ်၌ နေသော်လည်း သံဃာမှ ဝေးနေသူကို အချက်အလက် အစုံအလင်ဖြင့် ရေးသားပါ။

၃။ သူတပါးအကျိုးကိုသာ သယ်ပိုးလိုသော ရဟန်းတစ်ပါးအဖို့ မဖြစ်မနေ ပြည့်စုံရမည့် အရည်အချင်းတို့ကိုသာ ဖော်ပြ၍ ဘုရားဟောဖော် ဒေသနာတော်နှင့်စပ်၍ "မှတ်ဉာဏ်ကောင်းအောင် ပြုလုပ်နည်း"ကို ပုဏ္ဏိယသုတ် ရှုကာ ဖြေဆိုပါ။

၄။ မိတ်ဆွေကောင်းရှိသူအား ရရှိနိုင်သော ဂုဏ်ထူးတို့ကို ဖော်ပြ၍ အရိယာသူတော်ကောင်းများ တရားနာခြင်းကြောင့် ရနိုင်သော အကျိုးတို့ကိုလည်း ကျနစွာ ဖြေဆိုပါ။

၅။ အမြတ်ဆုံးဖြစ်သော အကျိုးစီးပွားကို ပြုကျင့်ခြင်းကို ပြည့်စုံအောင် ဖော်ပြ၍ (က) ပစ္စည်းလေးပါး အလှူတို့တွင် အမြတ်ဆုံးအလှူ (ခ) ခံစားမှုမရှိသော နိဗ္ဗာန်၏ ချမ်းသာ-တို့ကို သုတ်အထောက်ပြ ဖြေဆိုပါ။

၆။ ဤဘက်ကမ်း(ဝဋ်ဆင်းရဲ)မှ ထိုဘက်ကမ်း(နိဗ္ဗာန်)သို့ ရောက်ခြင်းငှါ ဖြစ်စေတတ်သောတရားတို့တွင် နောက် ၅-ပါးကိုသာ ဖော်ပြ၍ မျက်မှောက်ဘဝ၌ပင် အချိန်တိုအတွင်း အာသဝေါကုန်ခန်းကာ ရဟန္တာဖြစ်နိုင်သော ရဟန်းကို သေနာသနသုတ်အရ ဖြေဆိုပါ။

၇။ မြတ်ဗုဒ္ဓ၏ အားတော် ၁၀-ပါးတို့၏ စွမ်းရည်တို့ကို ဖော်ပြ၍ ဒသဗလဉာဏ်တော် သဗ္ဗညုတဉာဏ်တော်တို့သည် အဘယ်အကျိုးငှါ ဖြစ်ပါကုန်သနည်း? ဖြေဆိုပြီး ယင်းဉာဏ်တော်တို့၌ ဘုရားရှင်၏ ဝန်ခံချက်ကိုလည်း လိုရင်းမျှ ဖြေဆိုပါ။

၈။ သာသနာတော်မှ အပ၌ ဖြစ်ကုန်သော အယူတို့တွင် အမြတ်ဆုံးအယူကို ဖော်ပြ၍ ယင်းအယူရှိသူတို့နှင့် ပတ်သက်၍ ဘုရားရှင်၏ ဟောကြားချက်ကိုလည်း ကုန်စင်အောင် ရေးပါ။

၉။ ရဟန်းတော်တစ်ပါး သာသနာ့ဘောင်၌ ပျော်မွေ့ခြင်းကြောင့် ရနိုင်သော သုခတို့တွင် နောက် ၅-မျိုးကိုသာ ဖော်ပြ၍ (က) မြတ်သောအကျင့် (ခ) ပဌမဈာန် (ဂ) တတိယဈာန် (ဃ) စတုတ္ထဈာန် (င) နိရောဓသမာပတ်တို့၏ ဆူးငြောင့်တို့ကိုလည်း အသီးသီး ဖြေဆိုပါ။

၁၀။ (က) အင်္ဂကမြို့သား ဒသမသူကြွယ်၏ အရှင်အာနန္ဒာအား ပူဇော်ပုံ (ခ) ရဟန်း၏ အကြွင်းအကျန်မရှိအောင် ညှစ်ယူလေ့ရှိပုံ (ဂ) သံဃာ့ရှေ့ဆောင် မထေရ်ရဟန်းတို့ကို အလွန်အကဲ ပူဇော်ခြင်းဖြင့် ပူဇော်ပုံ-တို့ကို အသီးသီး ဖြေဆိုပါ။

**တစ်ပုဒ်လျှင် (၁၀) မှတ်စီ**

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## အဋ္ဌက နဝက ဒသက ကောဒသကနိပါတပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈-ရက်၊ (၁၀-၇-၂၀၂၃) တနင်္လာနေ့

---

၁။ ကောင်းဆိုးလောကဓံ နှစ်တန်တွေ့ဆုံ ကြုံကြိုရသည်ချင်း တူပါလျက် ပုထုဇဉ်နှင့် အရိယာတို့၏ ထူးခြားချက်တို့ကို ထုတ်နုတ်တင်ပြ၍ အရှင်ဥတ္တရ မိန့်ဆိုအပ်သော သုဘာသိတစကားရပ်ကိုလည်း သိကြားမင်းလျှောက်ထုံးမှ ထုတ်နုတ်ဖြေဆိုပါ။

အဖြေ- **ထူးခြားချက်များ-**

ကောင်းဆိုးလောကဓံ, နှစ်တန်တွေ့ဆုံ, ကြုံကြိုရတာချင်း တူပါလျက်

(၁) ပုထုဇဉ်သည်လောကဓံတို့၏မမြဲခြင်းစသောသဘောကိုမသိနိုင်ဘဲအရိယာသည်သာသိနိုင်ခြင်း။

(၂) လောကဓံတို့ကပုထုဇဉ်၏ကုသိုလ်စိတ်ကိုယူငင်ချေမှုန်းနိုင်၍အရိယာ၏ကုသိုလ်စိတ်ကိုမယူငင်မချေမှုန်းနိုင်ခြင်း။

(၃) ပုထုဇဉ်သည်လာဘ,ယသ-စသောအကောင်းလောကဓံတို့နှင့်တွေ့ကြုံသောအခါတပ်မက်ခင်တွယ်မှုအနုရောဓအကုသိုလ်တရားများဖြစ်ပွား၍အလာဘ,အယသ-စသောအဆိုးလောကဓံတို့နှင့်တွေ့ကြုံသောအခါကိုယ်စိတ်ညှိုးနွမ်းပင်ပန်းမှုဝိရောဓအကုသိုလ်တရားများဖြစ်ပွားခြင်း၊ထိုသို့ဖြစ်ပွားခြင်းကြောင့်ဇာတိ,ဇရာ-စသောဝဋ္ဋဒုက္ခတို့မှမလွတ်မြောက်နိုင်ခြင်းနှင့်အရိယာမှာထိုအနုရောဓ,ဝိရောဓအကုသိုလ်များမဖြစ်ပွားခြင်း၊ထိုသို့မဖြစ်ပွားခြင်းကြောင့်ဇာတိ--------လွတ်မြောက်ခြင်း-တို့ဖြစ်ပါသည်။ (အံ၊ ၃။ ၈။ သျှ၊ ၄။ ၃၂၀။) (၆-မှတ်)

သုဘာသိတစကားရပ်-

“ကောင်းစွာပြောကြားအပ်သောတရားစကားဟူသမျှအားလုံးသည်ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား ၏ တရားစကားတော်သာတည်း၊ ထိုမြတ်စွာဘုရား၏ တရားစကားတော်မှ ယူ၍ ယူ၍ ငါတို့သည် လည်းကောင်း, တပါးသောသူတို့သည်လည်းကောင်း ဟောပြောကြရကုန်၏”ဟူသော စကားရပ် ဖြစ်ပါသည်။

(အံ၊ ၃။ ၁၂၊ ၁၃။ အံ၊ မြန်၊ ၃။ ၁၃။) (၄-မှတ်)

---

၂။ ထက်သန်သော လုံ့လရှိလျက် နေပုံကို အဿာဇာနီယသုတ်လာအတိုင်း ရေး၍ သံဃာ့ပရိသတ်အလယ်၌ နေသော်လည်း သံဃာမှ ဝေးနေသူကို အချက်အလက် အစုံအလင်ဖြင့် ရေးသားပါ။

အဖြေ- ထက်သန်သော လုံ့လရှိလျက် နေပုံ-

“ကိုယ်၌ အရေ အကြော အရိုးမျှသာ ကြွင်းသော်လည်း ကြွင်းစေ၊ အသား အသွေးတို့သည် ခန်းခြောက်သော်လည်း ခန်းခြောက်စေ၊ ယောကျ်ားတို့ အားအစွမ်း, ယောကျ်ားတို့၏ ဝီရိယ, ယောကျ်ားတို့၏ လုံ့လဖြင့် ရောက်အပ် ရအပ်သော တရားသို့ မရောက်ပဲ မရပဲ ဝီရိယ၏ ဆုတ်နစ် ရပ်တန့်ခြင်းသည် မဖြစ်အံ့”

ဤသို့ ထက်သန်သော လုံ့လရှိလျက် နေပါသည်။ (အံ၊ ၃။ ၃၃။ အံ၊ မြန်၊ ၃။ ၃၄။) (၅-မှတ်)

သံဃာမှ ဝေးနေသူ-

ယုတ်ညံ့သော အကျင့်ရှိသော, မစင်ကြယ်သည်ဖြစ်၍ ယုံမှားတွေးတောဖွယ် အကျင့်ရှိသော, အမှုကိုဖုံးကွယ် သော, ရဟန်းမဟုတ်ပဲ ရဟန်းဟု ဝန်ခံသော, မြတ်သောအကျင့်ကို မကျင့်ပဲ မြတ် သောအကျင့်ကို ကျင့်၏ဟု ဝန်ခံသော, အတွင်း၌ ပုပ်သော, ကိလေသာမိုးစွတ်သော, အမှိုက်သဖွယ် ဖြစ်သော သီလမရှိသောပုဂ္ဂိုလ် ဖြစ်ပါသည်။ (အံ၊ ၃။ ၄၁။ အံ၊ မြန်၊ ၃။ ၄၃။) (၅-မှတ်)

---

၃။ သူတပါးအကျိုးကိုသာ သယ်ပိုးလိုသော ရဟန်းတစ်ပါးအဖို့ မဖြစ်မနေ ပြည့်စုံရမည့် အရည်အချင်းတို့ကို သာ ဖော်ပြ၍ ဘုရားဟောဖော် ဒေသနာတော်နှင့်စပ်၍ "မှတ်ဉာဏ်ကောင်းအောင် ပြုလုပ်နည်း"ကို ပုဏ္ဏိယ သုတ် ရှုကာ ဖြေဆိုပါ။

အဖြေ- **မဖြစ်မနေ ပြည့်စုံရမည့် အရည်အချင်းများ-**

(၁) ကောင်းသောစကား,ကောင်းသောမြွက်ဆိုသံရှိ၍သန့်ရှင်းသောအပြစ်ကင်းသောအဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံရခြင်း။

(၂) သီတင်းသုံးဖော်တို့အား/တို့ကို တရားစကားဖြင့် (အကျိုးစီးပွားကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေနိုင်ခြင်း-တို့ ဖြစ်သည်။

(အံ၊ ၃။ ၁၂၀။ (အံ၊ မြန်၊ ၃။ ၁၂၁။) (၄-မှတ်)

**မှတ်ဉာဏ်ကောင်းအောင် ပြုလုပ်နည်း-**

(၁) သဒ္ဓါတရားရှိရခြင်း (၂) (ဘုရား/ဆရာသမား ထံ) ချဉ်းကပ်ရခြင်း

(၃) (ဓမ္မဒေသနာအကျိုးငှါ) ဆည်းကပ်ရခြင်း (၄) (ကြောင်းကျိုးဟုတ်သည် မဟုတ်သည်ကို) မေးမြန်း တတ်ရခြင်း (၅) နားစိုက်၍ တရားနာရခြင်း (၆) နာပြီး၍ တရားကို နှုတ်တက်ဆောင်ထားရခြင်း

(၇) ဆောင်ထားအပ်ပြီးသော တရားတို့၏ အနက်အဓိပ္ပါယ်ကို ဆင်ခြင်ရခြင်း

(၈) အနက်, ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကို ကျင့်ရခြင်း-တို့ ဖြစ်သည်။

(အံ၊၃။၁၅၂။အံ၊မြန်၊၃။၁၅၄။)(၆-မှတ်)

---

၄။ မိတ်ဆွေကောင်းရှိသူအား ရရှိနိုင်သော ဂုဏ်ထူးတို့ကို ဖော်ပြ၍ အရိယာသူတော်ကောင်းများ တရားနာခြင်း ကြောင့် ရနိုင်သော အကျိုးတို့ကိုလည်း ကျနစွာ ဖြေဆိုပါ။

အဖြေ- **ရရှိနိုင်သော ဂုဏ်ထူးများ-**

(၁) (ပါတိမောက္ခသံဝရ)သီလရှိသူ ဖြစ်ခြင်း၊

(၂) အပ္ပိစ္ဆကထာ-စသော ကထာ ၁၀-ပါးကို အလိုရှိတိုင်းအခက်အခဲမရှိ ပေါများစွာ ရနိုင်ခြင်း၊

(၃) ဝီရိယရှိသူ ဖြစ်ခြင်း၊ (၄) ဝိပဿနာပညာရှိသူ ဖြစ်ခြင်း။

(အံ၊၃။၁၆၄။အံ၊သျှ၊၅။၁၁၁၂။)(၆-မှတ်)

**အရိယာသူတော်ကောင်းများ တရားနာခြင်းကြောင့် ရနိုင်သော အကျိုးများ-**

(၁) သေက္ခအရိယာသူတော်ကောင်းတို့သည် မရောက်အပ်, မရအပ်, မျက်မှောက်မပြုအပ်သေးသော (မဂ်ဖိုလ်) တရားသို့ / ကို ရောက်ခြင်း, ရခြင်း, မျက်မှောက်ပြုခြင်းငှါ ဝီရိယကို အားထုတ်ကြခြင်း။ (၂-မှတ်)

(၂) ရဟန္တာအရိယာသူတော်ကောင်းတို့သည်မျက်မှောက်ဘဝအတွက်ဘေး၌ချမ်းသာစွာနေရကြောင်းဖြစ်သော လောကီလောကုတ္တရာတရား (ဒိဋ္ဌဓမ္မဝိဟာရ)ကိုသာလျှင် အားထုတ်ကြခြင်း။

(အံ၊၃။၁၇၂-၃။အံ၊သျှ၊၅။၃၆-၇။)(၂-မှတ်)

---

၅။ အမြတ်ဆုံးဖြစ်သောအကျိုးစီးပွားကိုပြုကျင့်ခြင်းကိုပြည့်စုံအောင်ဖော်ပြ၍(က)ပစ္စည်းလေးပါးအလှူတို့တွင် အမြတ်ဆုံးအလှူ (ခ) ခံစားမှုမရှိသော နိဗ္ဗာန်၏ ချမ်းသာ-တို့ကို သုတ်အထောက်ပြ ဖြေဆိုပါ။

အဖြေ- **အမြတ်ဆုံးဖြစ်သော အကျိုးစီးပွားကို ပြုကျင့်ခြင်းများ-**

(၁) သဒ္ဓါတရားမရှိသူကို သဒ္ဓါတရားနှင့် ပြည့်စုံစေရန် ဆောက်တည်စေ, သက်ဝင်စေ, တည်မြဲစေ ခြင်း။

(၂) သီလမရှိသူကို သီလနှင့် ပြည့်စုံစေရန် -------- ။

(၃) ဝန်တိုနှမြောသူကို စွန့်ကြဲမှု စာဂနှင့် ပြည့်စုံစေရန် --------- ။

(၄) ပညာမရှိသူကို ပညာနှင့် ပြည့်စုံစေရန် ------- ။

(အံ၊၃။၁၇၄။အံ၊မြန်၊၃။၁၇၆။အံ၊သျ၊၅။၄၁-၂။)(၄-မှတ်)

(က) အရပ်လေးမျက်နှာ၌ ရှိသော သံဃာကို ရည်စူး၍ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းအလှူ။

(အံ၊၃။၁၉၇။)(၂-မှတ်။)

**သုတ်အထောက်-** ဝေလာမသုတ်။ (၁-မှတ်)

(ခ) ခံစားမှုမရှိခြင်းပင် ဖြစ်သည်။ (အံ၊ ၃။ ၂၁၃။) (၂-မှတ်)

**သုတ်အထောက်-** နိဗ္ဗာနသုခသုတ်။ (၁-မှတ်)

---

၆။ ဤဘက်ကမ်း(ဝဋ်ဆင်းရဲ)မှထိုဘက်ကမ်း(နိဗ္ဗာန်)သို့ရောက်ခြင်းငှါဖြစ်စေတတ်သောတရားတို့တွင်နောက်၅ -ပါးကိုသာ ဖော်ပြ၍ မျက်မှောက်ဘဝ၌ပင် အချိန်တိုအတွင်း အာသဝေါကုန်ခန်းကာ ရဟန္တာဖြစ်နိုင်သော ရဟန်းကို သေနာသနသုတ်အရ ဖြေဆိုပါ။

အဖြေ- **နောက် ၅-ပါး-**

သုခ၊ သမာဓိ၊ ယထာဘူတဉာဏဒဿန၊ နိဗ္ဗိဒါဝိရာဂ၊ ဝိမုတ္တိဉာဏဒဿန။ (အံ၊ ၃။ ၂၅၉။) (၅-မှတ်)

**မျက်မှောက်ဘဝ၌ပင် ရဟန္တာဖြစ်နိုင်သော ရဟန ်း-**

သဒ္ဓါတရားရှိခြင်းအစရှိသော အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော, အင်္ဂါ ၅-မျိုးနှင့် ပြည့်စုံသော ကျောင်းကို မှီဝဲ ဆည်းကပ်သော ရဟန်း ဖြစ်ပါသည်။ (အံ၊ ၃။၂၆၈။) (၅-မှတ်)

---

၇။ မြတ်ဗုဒ္ဓ၏ အားတော် ၁၀-ပါးတို့၏ စွမ်းရည်တို့ကို ဖော်ပြ၍ ဒသဗလဉာဏ်တော် သဗ္ဗညုတဉာဏ်တော် တို့သည် အဘယ်အကျိုးငှါ ဖြစ်ပါကုန်သနည်း? ဖြေဆိုပြီး ယင်းဉာဏ်တော်တို့၌ ဘုရားရှင်၏ ဝန်ခံချက်ကို လည်း လိုရင်းမျှ ဖြေဆိုပါ။

အဖြေ- **စွမ်းရည်များ-**

(၁) မြင့်မြတ်သောအရာ (ဘုရားအဖြစ်)ကို ဝန်ခံခြင်း၊

(၂) ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆိုနိုင် ခြင်း၊

(၃) မြတ်သော တရားစကြာကို လည်စေနိုင်ခြင်း။ (အံ၊ ၃။ ၂၈၃။ အံ၊ မြန်၊ ၃။ ၂၈၃။) (၃-မှတ်)

ဒသဗလဉာဏ်သဗ္ဗညုတဉာဏ်တော်တို့သည် ထိုထိုခန္ဓာ,အာယတန,ဓာတ်'အဓိဝုတ္တိပဒ'တို့ကို ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုရန်အလို့ငှါ (အကျိုးငှါ) ဖြစ်ပါသည်။ (၄-မှတ်)

ဝန်ခံချက် (လိုရင်းမျှ)-

ထိုထိုသတ္တဝါတို့အား ထိုထိုအခြင်းအရာအားဖြင့် တရားဟောရန် ရဲရင့်၏။

(အံ၊ ၃။ ၂၈၄။ အံ၊ မြန်၊ ၃။ ၂၈၆။) (၃-မှတ်)

---

၈။ သာသနာတော်မှ အပဥ္စ ဖြစ်ကုန်သော အယူတို့တွင် အမြတ်ဆုံးအယူကို ဖော်ပြ၍ ယင်းအယူရှိသူတို့နှင့် ပတ်သက်၍ ဘုရားရှင်၏ ဟောကြားချက်ကိုလည်း ကုန်စင်အောင် ရေးပါ။

အဖြေ- **အမြတ်ဆုံး အယူ-**

"(ရှေးက) ငါမဖြစ်ခဲ့မူကား ငါ့အား (ယခု) မဖြစ်ရာ၊ (ငါ)မဖြစ်တော့လျှင် ငါ့အား (ကြောင့်ကြ ခြင်း) ရှိလိမ့်မည် မဟုတ်"ဟူသော (ဥစ္ဆေဒ)အယူ ဖြစ်ပါသည်။ (၃-မှတ်)

**ဟောကြားချက်များ-**

ရဟန်းတို့ ဤသို့အယူရှိသူအား "ဘဝ၌မစက်ဆုပ်ခြင်းသည်ရှိတော့မည်မဟုတ်၊ဘဝချုပ်ရာ၌စက်ဆုပ်ခြင်းလည်း ထိုသူအား ရှိတော့မည်မဟုတ်"ဟူသော ဤသဘောကိုသာ (မချွတ်ဖြစ်လိမ်မည်ဟု) မြော်လင့်အပ်၏။ (၃-မှတ်)

ရဟန်းတို့ ဤသို့အယူရှိသောသတ္တဝါတို့လည်းရှိကုန်၏၊ရဟန်းတို့ ဤသို့အယူရှိသောသတ္တဝါအားသော်လည်းတပါးသောအခြင်းအရာအားဖြင့်ဖြစ်ခြင်းရှိသည်သာတည်း၊ဖောက်ပြန်ပြောင်းလဲခြင်းရှိသည်သာတည်း။ (၂-မှတ်)

ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ထို(ဥစ္ဆေဒဒိဋ္ဌိ)၌လည်း ငြီးငွေ့၏။ ထိုသို့ငြီးငွေ့သော် မြတ်သောအယူ၌ တပ်ခြင်းကင်း၏၊ ယုတ်ညံ့သော အယူ၌ကား အဘယ် ဆိုဖွယ်ရာရှိအံ့နည်း။ (၂-မှတ်) (အံ၊ ၃။ ၁၀၇။ အံ၊ မြန်၊ ၃။ ၁၀၅-၆။)

---

၉။ ရဟန်းတော်တစ်ပါး သာသနာ့ဘောင်၌ ပျော်မွေ့ခြင်းကြောင့် ရနိုင်သော သုခတို့တွင် နောက် ၅-မျိုးကိုသာ ဖော်ပြ၍ (က) မြတ်သောအကျင့် (ခ) ပဌမဈာန် (ဂ) တတိယဈာန် (ဃ) စတုတ္ထဈာန် (င) နိရောဓသမာပတ်တို့၏ ဆူးငြောင့်တို့ကိုလည်း အသီးသီး ဖြေဆိုပါ။

အဖြေ- **ရနိုင်သော သုခတို့တွင် နောက် ၅-မျိုး-**

(၁) တော၌ / သို့ ရောက်နေစဉ်မှာလည်း ချမ်းသာမှု သာယာမှုကို ရခြင်း၊

(၂) သစ်ပင်ရင်း၌ / သို့ ရောက်နေစဥ္ှာလည်း ............။ (၃) ဆိပ်ငြိမ်ရာအရပ်၌ / သို့ ............။

(၄) လွင်တီးခေါင်၌ / သို့ ............။ (၅) ရဟန်းတို့ အလယ်၌ / သို့ ........... ။

(အံ၊၃။၃၅၃။အံ၊မြန်၊၃။၃၅၁။)(၅-မှတ်)

(က) မာတုဂါမ၏ အနီး၌ လှည့်လည်ခြင်း။ (ခ) အသံ။ (ဂ) ပီတိ။ (ဃ) ထွက်သက်ဝင်သက်။

(င) သညာနှင့် ဝေဒနာ။ (အံ၊ ၃။ ၃၆၃။ အံ၊ မြန်၊ ၃။ ၃၆၁။) (တစ်ခု ၁-မှတ်စီ၊ ၅-မှတ်။)

---


၁၀။ (က) အင်္ဂကမြို့သား ဒသမသူကြွယ်၏ အရှင်အာနန္ဒာအား ပူဇော်ပုံ (ခ) ရဟန်း၏ အကြွင်းအကျန်မရှိအောင် ညှစ်ယူလေ့ရှိပုံ (ဂ) သံဃာ့ရှေ့ဆောင် မထေရ်ရဟန်းတို့ကို အလွန်အကဲ ပူဇော်ခြင်းဖြင့် ပူဇော်ပုံ-တို့ကို အသီးသီး ဖြေဆိုပါ။

အဖြေ- (က) အရှင်အာနန္ဒာကို သုံးထည်သော သင်္ကန်းဖြင့် လှူဒါန်း၏ (ခြင်း)၊ အရှင်အာနန္ဒာအတွက် ငါးရာတန် သစ်ရွက်မိုးကျောင်းကို ဆောက်လုပ်စေ၏ (ခြင်း)။ (အံ၊ ၃။ ၅၄၆။ အံ၊ မြန်၊ ၃။ ၅၃၃။) (၃-မှတ်)

(ခ)ဤသာသနာတော်၌ရဟန်းအားကြည်ညိုသဒ္ဓါရှိကြကုန်သောဒါယကာတို့သည်သင်္ကန်းဆွမ်းကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ဖြင့် ရှေးရှုဆောင်၍ ဖိတ်ကုန်၏။ ထိုသို့ ဖိတ်ရာ၌ (ထိုသင်္ကန်းစသော ပစ္စည်းတို့၌) ခံယူရန် အတိုင်းအရှည်ကို မသိခြင်း ဖြစ်သည်။

(အံ၊ ၃။ ၅၄၈။ အံ၊ မြန်၊ ၃။ ၅၃၅။) (၄-မှတ်)

(ဂ) သံဃာ့ရှေ့ဆောင် မထေရ်ရဟန်းတို့၌ မျက်မှောက် မျက်ကွယ် ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာကို ရှေ့ရှုတည်စေခြင်း ဖြစ်သည်။ (အံ၊ ၃။ ၅၅၀။ အံ၊ မြန်၊ ၃။ ၅၃၈။) (၃-မှတ်)


စာချစာသင် အလုပ်ခွင်ဝယ်၊
နေ့စဉ်မွေ့လျော် များသူတော်တို့၊
ရွှင်ပျော်လှို့လ သဒ္ဒါကြွ၍၊
ဉာဏစင်ဖြူ သင်ချမှုကား၊
ထိုသူစီးပွား သုတများသဖြင့်၊
စဉ်းစားဉာဏ်ကြွယ် အမြင်ကျယ်၏။
မကွယ်စေကော ကိလေသာလည်း၊
သူငါရှုန့်ကြမ်း ဖြစ်စတမ်းသို့၊
ပရမ်းပတာ ဖြစ်မလာဘဲ၊
ဣဿာမစ္ဆေရ မထကြွဘူး။
ရာဂဒေါသော မာနမောတို့
အပြောမကျယ် သေးသေးငယ်မှ၊
စ၍ပဟာန် တဒင်္ဂန်နှင့်၊
ဝိက္ခမ္ဘန ပယ်နိုင်ကြသည်၊
သင်ချအကျိုး စာတန်ခိုး။
( အမရပူရ မဟာဂန္ဓာရုံဆရာတော် )
(Y.S.O)